# ၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ၁၀ရက်နေ့တွင်ကျရောက်သောအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်ထုတ်ပြန်ချက်အမှတ် ( ၁၅/၂၀၁၆)

၁။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ဤသမိုင်းဝင်နေ့ထူးနေ့မြတ်အခါသမယကိုဂုဏ်ပြုဆင်နွှဲအပ်ပါသည်။

၂။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကမ္ဘာသူကမ္ဘာသားများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများအတွက်အရေးပါသောအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်ချက်များကိုသုံးသပ်ဖော်ပြရန်အသင့်လျော်ဆုံးအချိန်လည်းဖြစ်ပါသည်။

၃။ ၂၀၁၆ခုနှစ်အတွင်း၌ ကော်မရှင်သည်ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်သည့်အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum - SEANF) ၏ ၂၀၁၆ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ခဲ့ပြီးဖိုရမ်၏လုပ်ငန်းအဖွဲ့အစည်းအဝေး (၂) ကြိမ်၊ ဖိုရမ်အထူးအစည်းအဝေး (၂) ကြိမ်နှင့်ဖိုရမ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး တစ်ကြိမ်ကိုအောင်အောင်မြင်မြင်တာဝန်ယူကျင်းပနိုင်ခဲ့ပါသည်။ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးအပြီးတွင်သက်ကြီးရွယ်အိုများအခွင့်အရေးနှင့်စပ်လျဉ်းသည့်ဖိုရမ်၏ထုတ်ပြန်ချက်တစ်ရပ်ကိုလည်းထုတ်ပြန်ခဲ့ပါသည်။ကော်မရှင်သည်အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အပြင်ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့်အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions)၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) တို့နှင့်လည်း လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ထို့ပြင်ကော်မရှင်သည်အခြားသောလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သော OHCHR နှင့် LWF တို့နှင့်ပူးပေါင်း၍ “လူနည်းစုများအခွင့်အရေးနှင့်စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲ” (၁) ကြိမ်နှင့် “ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်တို့ကိုလည်းကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ ကော်မရှင်သည်ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကိုမြန်မာနိုင်ငံကပါဝင်ချုပ်ဆိုရန်အတွက်အစိုးရအားအကြံပြုတိုက်တွန်းခဲ့ပါသည်။ ထို့ပြင်အာဆီယံအဖွဲ့အစည်းမှပြဋ္ဌာန်းခဲ့သည့်လူ့အခွင့်အရေးကွန်ဗင်းရှင်းတစ်ရပ်ဖြစ်သော ASEAN Convention Against Trafficking in Persons, Especially Women and Children

ကိုကော်မရှင်အနေဖြင့်သေချာစွာလေ့လာပြီးမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က၂၀၁၆ခုနှစ်အတွက်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့်အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အစည်းအဝေးတွင်ဖိုရမ်အဖွဲ့ဝင်နိုင်ငံများနှင့်ဆွေးနွေးခဲ့ကာမြန်မာနိုင်ငံအနေဖြင့်ယင်းကွန်ဗင်းရှင်းကိုပါဝင်ချုပ်ဆိုရန်အစိုးရအားအကြံပြုတိုက်တွန်းခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းအဖြစ်တိုင်တန်းချက်များကိုကိုင်တွယ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှ လက်ရှိအချိန်အထိလက်ခံရရှိသော တိုင်ကြားစာပေါင်း ၄၉၅စောင်ကျော် ကိုစိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားစာအချို့နှင့်ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများလည်းပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည်၂၀၁၆ခုနှစ်အတွင်းတွင် ခန္တီးမြို့ရှိအကျဉ်းထောင်နှင့်ရဲအချုပ်ခန်း၊ လွိုင်ကော်မြို့ရှိအကျဉ်းထောင်နှင့်ရဲအချုပ်ခန်း၊ မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ တောင်ကြီးမြို့နှင့် ရပ်စောက်မြို့တို့ရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ၊ တောင်ငူမြို့ရှိအကျဉ်းထောင်နှင့်ကျောက်ထုတ်လုပ်ရေးစခန်း၊ ရဲအချုပ်ခန်း၊ ကသာမြို့ရှိ အကျဉ်းထောင်နှင့်ရွှေဘိုမြို့ရှိအကျဉ်းထောင်၊မြင်းခြံအကျဉ်းထောင်၊တိုက်ကြီးမြို့နယ်ရှိအိုင်ကလောင်စိုက်ပျိုးမွေးမြူရေးစခန်းနှင့်မှော်ဘီမြို့နယ်ရှိရဲအချုပ်ခန်းတို့ကိုသွားရောက်စစ်ဆေးခဲ့ပြီးကော်မရှင်၏အကြံပြုချက်များနှင့်အတူထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ကော်မရှင်၏ တိုင်တန်းချက်များကိုင်တွယ်ဆောင်ရွက်ရန်အတွက်ဆွီဒင်နိုင်ငံအခြေစိုက် Raoul Wallenberg Institute for Human Rights and Humanitarian Law (RWI) နှင့်ပူးပေါင်း၍ Computerized Complaint Handling System တစ်ရပ်ထူထောင်နိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

၆။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀၁၆ခုနှစ်အတွင်း၌ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်အတွင်းရှိမြို့နယ်ပေါင်း (၂၀)မြို့နယ်တွင် အောက်ခြေအဆင့်လူ့အခွင့်အရေးအသိပညာပေးဟောပြောပွဲများ၊ မြို့နယ်အသီးသီးရှိ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေးအသိပညာပေးအလုပ်ရုံသင်တန်းများကိုကျင်းပခဲ့ပါသည်။ ကော်မရှင်သည် ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (၇) ကြိမ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊စစ်ဦးစီးတက္ကသိုလ်နှင့်တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော်အရာရှိ သင်တန်းများတွင်လူ့အခွင့်အရေးဘာသာရပ်များကို သွားရောက်ပို့ချခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၆ခုနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နှင့်ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့၌ နိုင်ငံ့ဝန်ထမ်းများအတွက် ဖွင့်လှစ်သောအရာရှိသင်တန်းများတွင်လည်း လူ့အခွင့်အရေးဘာသာရပ်များပို့ချခဲ့ပါသည်။ကော်မရှင်သည် Raoul Wallenberg Institute (RWI) နှင့်ပူးပေါင်း၍၂၀၁၆ခုနှစ်၊ဒီဇင်ဘာလအတွင်းတွင်ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိအကျဉ်းထောင်များ

မှအကျဉ်းဦးစီးဌာနဝန်ထမ်းများအတွက်လူ့အခွင့်အရေးအသိပညာပေးအလုပ်ရုံသင်တန်းများပြုလုပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်